ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀: ၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၈-၇-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဘတ်ဂျက်အစည်းအဝေး တက်ရောက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယာဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၃၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀: ၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀: ၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြထားသည့် မေးခွန်း တွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ ကျောက်ဖြူလေဆိပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် တည်ဆောက်ပေးရန် သို့မဟုတ် ပြန်လည်ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့မှာရှိသည့် ကျောက်ဖြူလေဆိပ်ကို ဒေသအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်

စေရန်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန် အတွက်သော်လည်းကောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုစွဲဆောင်နိုင်စေရန်အတွက်သော်လည်းကောင်း၊ ဒီကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျောက်ဖြူလေဆိပ်ဟာဆိုရင် ခရိုင်မြို့ဖြစ်သည့် ကျောက်ဖြူမြို့မှာ တည်ရှိပါတယ်။ အမ်းမြို့နယ်ကလွဲလို့ရှိရင် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူတွေ ရန်ကုန်နှင့် နေပြည်တော် ကူးလူးဆက်ဆံတဲ့အခါမှာ များသောအားဖြင့် အသုံးပြုပါတယ်။ ကျောက်ဖြူခရိုင်ကနေပြီး ရန်ကုန်မြို့ကို သွားမယ်ဆိုလို့ရှိရင် ကုန်းလမ်းခရီးဖြင့် အနည်းဆုံး (၁၆)နာရီခန့် သွားရပြီး တကယ်လို့များ ပြည်သူတွေ အရေးပေါ်ကျန်းမာရေးနှင့် သက်ဆိုင်တဲ့အခါဆိုလို့ရှိရင် လေကြောင်းကို အရေးတကြီး အသုံးပြုရတဲ့ အခြေအနေရှိပါတယ်။ ဒါ ကျောက်ဖြူလေဆိပ်ရဲ့ သမိုင်းဖြစ်ပါတယ်။ ကျွန်မတို့ လေ့လာကြည့်သလောက်ဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် (၇၈.၁၂)သန်း အသုံးပြုခဲ့တာတွေ့ရပြီး ဒီဘက်ဘဏ္ဍာနှစ်မှာ ကျောက်ဖြူလေဆိပ်ကို ပြုပြင်ခဲ့တာတွေ လေ့လာသလောက် မတွေ့ရှိရပါဘူး။ အခုအခြေအနေဟာဆိုလို့ရှိရင် ကျောက်ဖြူလေဆိပ်ဟာ လေဆိပ်အင်္ဂါရပ်နှင့် မညီညွတ်သည့် အခြေအနေကိုရောက်ရှိနေပြီး၊ ခရီးသွားပြည်သူကို ဝန်ဆောင်မှုပေးတဲ့အခါမှာ အခက်အခဲတွေ ကျွန်မ ကြုံတွေ့ခဲ့ရပါတယ်။

ကျောက်ဖြူလေဆိပ်ဟာ ဟောင်းနွမ်းတာကတစ်ကြောင်း၊ ပြီးလို့ရှိရင် ကျောက်ဖြူ လေဆိပ်အတွင်းကို အထုပ်အပိုးတွေနဲ့ လမ်းလျှောက်ဝင်ရတယ်။ အမိုး၊ အကာမရှိသည့်နေရာမှာ နေရပြီး လုံခြုံရေးကို အကြောင်းပြု၍ ကျွန်မတို့ ခရီးဆောင်အိတ်တွေကို အဝင်ဝကစပြီး သယ်ဆောင်ရတာဟာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တောင်မှ ဒီအခြေအနေနှင့် သွားလာနေရသည့် အခြေအနေဖြစ်ပါတယ်။ ဆက်ပြပေးပါ။ ဒါ ကျောက်ဖြူလေဆိပ်ရဲ့ Departure ဘက်အခြမ်းဖြစ်ပါတယ်။ ဒါ Arrival ဘက်အခြမ်းပါ။ ဒါ ကျောက်ဖြူလေဆိပ်၏ Departure နဲ့ Arrival မှာရှိသည့် ခုံတွေ အနေအထားဖြစ်ပါတယ်။ အမျိုးသမီးသုံး အိမ်သာတွေဆိုလို့ရှိရင် ရေတောင်ဝပ်နေပါတယ်။ ဆက်ပြပေးပါ။ ဒီ အမျိုးသမီးသန့်စင်ခန်းတွေဆိုရင် တံခါးကောင်းကောင်းပိတ်လို့ မရပါဘူး။ ဒီလိုမျိုး ကပ်ရောဂါဖြစ်နေတဲ့အခြေအနေ၊ ဒါ(၃)လပိုင်းက ပုံတွေဖြစ်ပါတယ်။ သန့်စင်ဖို့အတွက် အင်မတန်ခက်ခဲတဲ့ အခြေအနေ ကျွန်မ ကြုံခဲ့ရပါတယ်။ သက်ကြီးရွယ်အို အသုံးပြုဖို့ သိပ်ကိုခက်ခဲပြီး ရေတွေအိုင်နေပါတယ်။ ဆက်ပြပေးပါ။ ဒါ အပြင်နှင့် အတွင်းမှာရှိသည့် အဆောက်အအုံရဲ့ ဟောင်းနွမ်းနေတဲ့ အခြေအနေ လမ်းတွေဆိုလို့ရှိရင်လည်း အခု ဗွက်ထနေတဲ့ အခြေအနေရှိပါတယ်။ ဒါ နွေရာသီက ပုံဖြစ်ပါတယ်။ စည်းကမ်းတကျ ကျွန်မတို့နေပြီး ပစ္စည်းတွေကို တင်ဆောင်တာတွေ မတွေ့ရဘူး။ ခရီးသွားပြည်သူတွေကနေပြီး ရဟန်းသံဃာတွေကစ အခက်အခဲဖြစ်တာကို ကျွန်မ ကြုံဖူးပါတယ်။ ဆက်ပြပေးပါ။ ဒါ အပြင်က အဆောက်အအုံဖြစ်ပါတယ်။ ကျောက်ဖြူခရိုင်ကနေပြီး ပြည်တွင်းပြည်ပကို စွဲဆောင်နိုင်တဲ့နေရာတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ကျောက်ဖြူခရိုင်သည်

နိုင်ငံတကာနှင့် ချိတ်ဆက်နေတဲ့ ရေနက်ဆိပ်ကမ်းတွေ၊ အထူးစီးပွားရေးဇုန်တွေ အထူးသဖြင့် တရုတ်ကလာတဲ့ လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေ များစွာသွားနေတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုလည်း အများကြီးရှိနေသည့် အခြေအနေဖြစ်ပါတယ်။ ဒီလိုမျိုး သယံဇာတအပေါ်မှာ အခြေခံပြီး စီမံကိန်းတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များစွာရှိတဲ့နေရာပါ။


မဒေးကျွန်းက ပုံတွေဖြစ်ပါတယ်။ ဆက်ပြပေးပါ။ ကျွန်မတို့ ကျောက်ဖြူမြို့နယ် ဧရိယာဟာဆိုရင် Gas Pipeline က တစ်နှစ်ကို အမေရိကန်ဒေါ်လာ(၁၃)မီလီယံတောင် ရရှိသည့်အခြေအနေဖြစ်ပါတယ်။ Oil Pipeline ဆိုရင်လည်း တစ်နှစ်မှာ အမေရိကန်ဒေါ်လာ(၂၂)မီလီယံရရှိပြီး ဒါ Transit Fees ကို နှစ်ပေါင်း (၃၀)ကျော် ရခိုင်ပြည်နယ် အထူးသဖြင့် ကျောက်ဖြူဆိပ်ကမ်းမှာရှိတဲ့နေရာကနေပြီး ကျောက်ဖြူ Airport ကို အသုံးပြုပြီး ငွေရှာပေးနေတဲ့ အခြေအနေရှိပါတယ်။ အနာဂတ်မှာလည်း Plan တွေ အများကြီးရှိတယ်။ Seaport ရှိတယ်။ Industrial Park ရှိတယ်။ နောက် Integrated Residential Areas ဖြစ်တယ်။ ဒီလောက် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နေတဲ့ ကျောက်ဖြူမြို့နယ်မှာ ဒီလိုမျိုးဖြစ်နေပြီး အဆင့်အတန်း အင်မတန်အားနည်းသည့် လေဆိပ်ရှိတာဟာ စိတ်ပျက်စရာဖြစ်စေပါတယ်။ ဆက်ပြပေးပါ။ ဒါ နေပြည်တော်မှာ အခုဆိုလို့ရှိရင် Master Plan တွေကို စပြီးတော့ ဆွဲနေပါပြီ။

ဆက်ပြပေးပါ။ ဒီ Master Plan မှာပါတဲ့ Phase တွေကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါတွေဖြစ်ထွန်းဖို့ဆိုရင် ကျောက်ဖြူလေဆိပ်ဟာ အရမ်းကို အရေးပါပါတယ်။ ဒါတွေကနေပြီး ကျွန်မတို့ ကူးလူးဆက်ဆံသွားလာကြတဲ့အခါမှာ စိုက်ပျိုးရေးကဏ္ဍတွေကို မြှင့်တင်မယ်ဆိုရင် လေဆိပ်က တစ်ဆင့် ပြည်မတွေကို စီးပွားရေးကူးလူးဆက်ဆံဖို့အတွက် တကယ်တမ်း ပြည်သူတွေအနေနဲ့ ဆင်းရဲဆဲဖြစ်ပါတယ်။ ကျွန်မတို့ unemployment rights ကလည်း အရမ်းကိုမြင့်မားတဲ့ ရခိုင်ပြည်နယ်မှာ ဒါကြောင့်မို့လို့ ကျောက်ဖြူလေဆိပ်ဟာ ရခိုင်ပြည်နယ်အတွက် ဂုဏ်သိက္ခာ ဖြစ်ပါတယ်။ ဒီ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့အတွက် အထက်ဖော်ပြပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ကျောက်ဖြူ လေဆိပ်၏ မြင်ကွင်းပုံ (ခ)



Money in the pipeline ငွေပိုက်လိုင်းများ ပြပုံ (ဃ-၁)




Investment soars but Arakan State is still poor ပြည်သူများအနေဆင်းရဲဆဲဖြစ်နေသည့် မြင်ကွင်းပုံ (ဃ-၂)




**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၄။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ကျောက်ဖြူမြို့ရှိ ကျောက်ဖြူလေဆိပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြန်လည်ပြုပြင်မွမ်းမံ

ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဂျွန်တော် ဦးကျော်မျိုး ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ ကျောက်ဖြူလေဆိပ်ဟာဆိုရင် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသည့်အတိုင်း ဒုတိယကမ္ဘာစစ်အတွင်းက အလျားပေ(၂၅၀၀)အရှည် သံပြားပေါက်ခင်း လေယာဉ်ပြေးလမ်းအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၅ ခုနှစ်အချိန်က ရေကြောင်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာန၊ မြို့ပြလေကြောင်းဌာနက အလျားပေ(၄၆၂၀)၊ အကျယ်ပေ(၁၀၀)ရှိ ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် ပြုပြင်တည်ဆောက်ခဲ့ပါတယ်။ မူလက ဒါကိုတာ လေယာဉ်များ ဆင်းသက်ခဲ့ပြီး၊ ၁၉၅၈ ခုနှစ်နောက်ပိုင်းမှာ Fokker F-27 လေယာဉ်များ ပြေးဆွဲခဲ့ပါသည်။ ၎င်းနောက် ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် (၃၁၁)သန်းဖြင့် လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားနေရာနှင့် လေယာဉ်အဝင်လမ်းတို့ကို ကျောက်ကတ္တရာဖြင့် မျက်နှာပြင်ညှိလွှာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ ၂၀၀၈-၂၀၀၉ နှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (၂)နှစ်၏ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ကျပ်သန်း(၁၀၀၀)ဖြင့် လေယာဉ်ပြေးလမ်းကို ထပ်ပိုးလွှာ(၃)လက်မ တင်ခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ATR-42 နှင့် ATR-72-500 လေယာဉ်များ ဆင်းသက်နိုင်ခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပေ(၁၀၀)၊ ပေ(၄၀)တစ်ထပ် သံကူကွန်ကရစ် လေဆိပ်အဆောက်အအုံပြုပြင် မွမ်းမံခြင်းလုပ်ငန်းကို ငွေကျပ်(၇၈.၁၂)သန်း ကျခံသုံးစွဲ၍ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ လေဆိပ်အဆောက်အအုံမှာဆိုရင် တစ်နာရီလျှင် ခရီးသည် (၁၀၀)ဦး ဝင်/ထွက် အသုံးပြုနိုင်ပါတယ်။ ထို့နောက် ကျောက်ဖြူလေဆိပ်၏ လေယာဉ်ပြေးလမ်း အလျားပေ(၄၆၂၀)ကို ပေ(၇၅၀၀)အထိ ရရှိရန်အတွက် တောင်ဘက်သို့ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်များအတွင်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် (၅၀၂၁.၂၇)သန်းဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့ပြီး ATR-72 -600 လေယာဉ်များ ဆင်းသက်နိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စုစုပေါင်း ရန်ပုံငွေကျပ် (၆၈၄၈.၁)သန်း ကျခံသုံးစွဲ၍ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ခွဲဝေလျာထားမှုအခြေအနေအရ ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိပါ။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရန်ပုံငွေကျပ်(၅၀၀၀)သန်း လျာထားတင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက လက်ရှိ

လေယာဉ်ပြေးလမ်း (၇၅၀၀x၁၀၀)ပေကို ပျက်စီးမှုများဖြစ်ပေါ်နေသော ပြေးလမ်းအပိုင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရန်ပုံငွေကျပ် (၄၀၀)သန်း ကျခံသုံးစွဲ၍ လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေဆိပ်အဆောက်အအုံကို အကြီးစားပြင်ဆင်မွမ်းမံခြင်းနှင့် တောင်ဘက်သို့ ပေ(၄၀x ၂၀) တိုးချဲ့ခြင်းလုပ်ငန်းများကို ဆက်စပ်လုပ်ငန်းများ အပါအဝင် ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တောင်းခံထားသည့် ရန်ပုံငွေကျပ်(၁၀၀)သန်း ခွင့်ပြုချက်ရရှိပါက လေဆိပ်အဆောက်အအုံမှာ ATR-72 လေယာဉ် (၂)စီးစာ ခရီးသည်များ တစ်ပြိုင်နက် အဆင်ပြေ လုံလောက်စွာဝင်/ထွက် အသုံးပြုနိုင်ရေးအတွက် လက်ရှိအဆောက်အအုံကို ပေ(၂၀)တိုးချဲ့ပြီး အထွက်ခရီးသည် နားနေခန်းကို ပိုကျယ်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး၊ တိုးချဲ့ပြီးစီးပါက အထွက်ခရီးသည်နှင့် အဝင်ခရီးသည် ဧရိယာများကို ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ လေဆိပ်အဆောက်အအုံ တိုးချဲ့ခြင်းနှင့်အတူ သန့်စင်ခန်းများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး ခရီးဆောင်အိတ်များ စနစ်တကျ ရွေးယူနိုင်ရေးအတွက်ပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းထားချက်နှင့် ပတ်သက်၍ ကျောက်ဖြူ လေဆိပ်ကို လာမည့် ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားသည့် ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိမှုအပေါ်မူတည်၍ ရှေ့တွင်တင်ပြခဲ့သည့် လုပ်ငန်းများဆောင်ရွက်၍ အဆင့်မြှင့်တင် ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၏ စီမံကိန်းအကောင်အထည် မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန် အဆိုပြုမြေနေရာရှိ အိမ်ရာခြံဝင်းများအတွင်း လူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ခွင့်ပြုပေးပြီး မူလပိုင်ရှင်များအား ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၏ စီမံကိန်းအကောင်အထည်မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန် အဆိုပြုမြေနေရာရှိ အိမ်ရာ၊ ခြံဝင်းများအတွင်း လူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ခွင့်ပြုပေးပြီး မူလပိုင်ရှင်များ ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့အတွက် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း Town Plan ကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲခဲ့ပါတယ်။ ၎င်းစီမံကိန်းမှာ နန်းဖာလုံ မြို့မ(၁၂-က)ရပ်ကွက် အနောက်ဘက်ခြမ်းကို ကုန်သွယ်ရေးဇုန်အဖြစ် လျာထားသတ်မှတ်ခဲ့ပါတယ်။ စီမံကိန်းရေးဆွဲရာမှာ ဒေသခံပြည်သူများအား အသိပေးခြင်း၊ သဘောထားဆန္ဒတောင်းခံခြင်း လုံးဝမရှိဘဲ လက်ရှိ လူနေထိုင်ရာ နေအိမ်များ၊ ခြံဝင်းများ၊ စီမံကိန်းနယ်မြေအတွင်း ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ကုန်သွယ်ရေးဇုန်မြေနေရာ လျာထားသတ်မှတ်ရာမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဟိန္ဒူဘာသာရေးကျောင်းများ ရှိနေပြီးဖြစ်သည့် လူနေရပ်ကွက် အစိတ်အပိုင်းတစ်ခုကိုပါ ထည့်သွင်းသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ကုန်သွယ်ရေးဇုန်အဖြစ် လျာထားသတ်မှတ်သည့် မြေနေရာပေါ်တွင် ၂၀၀၀ ပြည့်နှစ်ကျော်ကာလများကတည်းက ၎င်းမြေကွက်များကို မိမိတို့ချွေးနည်းစာဖြင့် ဝယ်ယူနေထိုင်ခဲ့ပြီး မြေကွက်တစ်ကွက်လျှင် ပုံစံ(၁၀၅)ရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေး၊ ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် မြေစာရင်းဌာန တာဝန်ရှိသူများအား လေးသောင်းကျပ်တိတိ ထပ်မံပေးသွင်းခဲ့ရသေးကြောင်း နစ်နာသူပြည်သူများက ပြောဆိုလာကြပါတယ်။ မိမိတို့၏ လူနေအိမ်များ၊ ခြံဝင်းများ စီမံကိန်းနယ်မြေအတွင်း ပါရှိသွားသည်ကို မိမိတို့ လုံးဝမသိရှိရဘဲ လက်ရှိလူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများအား ပိတ်ပင်ခံနေရသောကြောင့် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးပြီး စိတ်လက်မချမ်းမသာ ဖြစ်နေရကြောင်းလည်း ပြောဆိုလာကြပါတယ်။ မြေနှင့်သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရာမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ခိုင်မာစေဖို့လိုအပ်ပါတယ်။ အများပြည်သူအကျိုး ထိခိုက်မှုမရှိစေဖို့ အကျိုးသက်ဆိုင်သူများကို ကြိုတင်အကြောင်းကြားခြင်း၊ သဘောဆန္ဒရယူခြင်း၊ လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲချမှတ်ရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပြည့်စုံမှန်ကန်တဲ့ သတင်းအချက်အလက်များအပေါ် အခြေခံခဲ့ခြင်းမရှိသလို အနာဂတ်မှာဖြစ်ပေါ်လာမည့် အလားအလာ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားခြင်း လုံးဝမရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ကုန်သွယ်ရေးဇုန်အဖြစ် လျာထားသတ်မှတ်တဲ့နေရာဟာ မြေဧရိယာအကျယ်အဝန်း လုံလောက်မှုမရှိသလို တည်နေရာအနေအထားအရ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိပါ။ အသစ်ဖြစ်ပေါ်လာမည့် တရုတ်-မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအရ ကုန်သွယ်ရေးဇုန် သတ်မှတ်နိုင်မယ့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာများ အများအပြား တမူးမြို့မှာ ရှိနေပါတယ်။ ယနေ့အချိန်အထိ စီမံကိန်းအကောင်အထည် မဖော်ရသေးသော ကုန်သွယ်ရေးဇုန်ကို ဖျက်သိမ်းပြီး တိုးတက်ပြောင်းလဲလျက်ရှိသော တမူးမြို့နယ်၏ လူမှုစီးပွားအခြေအနေ လိုအပ်ချက်အရ လူနေရပ်ကွက်များအဖြစ် အသိအမှတ်ပြုရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ရဲ့ စီမံကိန်း အကောင်အထည်မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန်ဆိုသည့် မြေနေရာရှိ အိမ်ရာခြံဝင်းများအတွင်း လူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ခွင့်ပြုပေးပြီး မူလပိုင်ရှင်များ ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၂။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏ စီမံကိန်းအကောင်အထည်မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန်အဆိုပြုမြေနေရာရှိ အိမ်ရာခြံဝင်းများအတွင်း လူနေအိမ်များပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများခွင့်ပြုပေးပြီး မူလပိုင်ရှင်အား ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ ကျွန်တော်က ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

တမူးမြို့ဟာ မြန်မာ-အိန္ဒိယနယ်စပ်၊ မြန်မာ-ထိုင်း-အိန္ဒိယ (၃)နိုင်ငံ လမ်းမကြီးပေါ်မှာ တည်ရှိပြီး အာဆီယံ-အိန္ဒိယလွတ်လပ်စွာ ကုန်သွယ်မှုဧရိယာကို အကောင်အထည်ဖော်မယ့် အာဆီယံနဲ့ အိန္ဒိယနိုင်ငံဈေးကွက်ကို ချိတ်ဆက်ပေးမယ့် အချက်အချာကျသည့်နေရာမှာ တည်ရှိပါတယ်။

ဒီမြို့မှာ ကုန်သွယ်ရေးဇုန်ကို တည်ဆောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ မြန်မာ-အိန္ဒိယနိုင်ငံ ကုန်သွယ်မှု တိုးတက်ရေးတို့ကို အထောက်အကူပြုမှာဖြစ်သည့်အပြင် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်မှု ဧရိယာကိုလည်း ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးကုန်သွယ်ရေးဇုန်နဲ့ ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ဒုတိယသမ္မတကြီး ဦးမြင့်ဆွေ အနေဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲကို ညှိနှိုင်းဖြေရှင်းပေးသည့် တွေ့ဆုံဆွေးနွေးပွဲများကို လစဉ်ပုံမှန်ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်သော (၂၉)ကြိမ်မြောက်အစည်းအဝေးတွင် ကလေး-တမူး-ကလေးဝ နယ်စပ် ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရန် တင်ပြခဲ့ပါတယ်။ ဤတင်ပြချက်အပေါ် ဒုတိယသမ္မတကြီးမှ ကုန်သွယ်ရေးဇုန် တည်ဆောက်မည့် မြေနေရာအခြေအနေအား သွားရောက်ကြည့်ရှုလေ့လာတင်ပြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ပြောကြားခဲ့သလို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း ၂၀၁၄ ခုနှစ်မှာ စတင်ရေးဆွဲခဲ့တဲ့ တမူးခရိုင်၊ တမူးမြို့ မြို့ပြစီမံကိန်း Town Plan အား ကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရန်အတွက် ကုန်သွယ်ရေးဇုန် လျာထားမြေ(၅၉.၄၇၅)ဧကကို သတ်မှတ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ယင်းနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်မည့် မြေနေရာအား စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်မှ (၂၆)ရက်နေ့အထိ မြေပြင် ကွင်းဆင်းကြည့်ရှုခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်တွင်လည်း တမူးမြို့တွင် ကုန်သွယ်ရေး ဇုန်တည်ဆောက်ပေးရန် ထပ်မံတင်ပြခဲ့ပါတယ်။ ခရီးစဉ်မှာ လိုက်ပါခဲ့တဲ့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေဖြင့်လည်း တမူးကုန်သွယ်ရေးဇုန် တည်ဆောက်မည့် မြေနေရာကို မြေပြင်ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ကုန်သွယ်ရေးဇုန်အဖြစ် လျာထားတဲ့ မြေဧရိယာ အနက် ကုန်သွယ်ရေးဆိုင်ရာ သယ်ယူထောက်ပံ့ရေးဇုန် Logistic Zone အဖြစ် အမှန်တကယ် အသုံးပြုရန် လိုအပ်သည့်မြေအပါအဝင်(၃၁.၂၇၄)ဧကအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က

တမူးမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်မြေအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၀)ဆုံးဖြတ်ချက်အရ ခွင့်ပြုချထားပေးခဲ့ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမြို့တွင် ကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရေးအတွက် တမူး ကုန်သွယ်ရေးဇုန်ဖြစ်မြောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၈)ရက်နေ့မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုကော်မတီရဲ့ ပထမဦးဆုံးအကြိမ်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၂၄)ရက်နေ့ရက်မှာ ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ တမူးကုန်သွယ်ရေးဇုန်ကို တမူးကုန်သွယ်ရေးဖွံ့ဖြိုးမှုဇုန်အဖြစ် ခေါ်ဆိုသတ်မှတ်ရန်နှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးဇုန်၏ အကြမ်းဖျင်းပုံစံ Concept plan အပေါ် ဆွေးနွေး ခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေါင်းဆောင်၍ ဒေသဆိုင်ရာဌာနများမှ တာဝန်ရှိသူ များပါဝင်တဲ့ လက်တွေ့အကောင်အထည်ဖော်မှုကော်မတီကို ထပ်မံဖွဲ့စည်းရန်လည်း သဘောတူညီ ခဲ့ကြပါတယ်။

မူလကုန်သွယ်ရေးဇုန်လျာထားမြေ (၅၉.၄၇၅)ဧက ရှိခဲ့သော်လည်း လက်ရှိမှာ လူနေအိမ် များ၊ ခြံဝင်းများ စုစုပေါင်း (၅၃)ကွက် ဧကအားဖြင့် (၁၅.၄၂၇)ဧက၊ ကျွန်းပင်ကုန်း ဘုန်းကြီးကျောင်း အသုံးပြုသည့်မြေ (၇.၃၆၂)ဧက၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်၊ မြို့နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အသုံးပြုမြေ(၂.၂၆၂)ဧက၊ စာသင်ကျောင်းမြေနေရာ(၁.၉၁၇) ဧကနှင့် နယ်စပ်ချန်လုပ်မြေရိယာ (၁.၂၁၅)ဧကတို့ကို အသုံးပြုလျက်ရှိပါတယ်။ သို့ဖြစ်၍ တမူး ကုန်သွယ်မှုမြှင့်တင်ရေးဇုန်ကို ကျန်ရှိမြေ (၂၂.၈၃၉)ဧကအပေါ်တွင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏ စီမံကိန်း အကောင်အထည်မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန်အဆိုပြုမြေနေရာကို အိမ်ရာခြံဝင်းများအတွင်း လူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ခွင့်ပြုပေးပြီး မူလပိုင်ရှင်များအား ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဖြေကြားရမည်ဆိုပါက တည်ရှိပြီး လူနေ အိမ်များ၊ ခြံဝင်းများ စုစုပေါင်း (၅၃)ကွက် ဧကအားဖြင့်(၁၅.၄၂၇)ဧကကို သက်ဆိုင်ရာတို့မှ လျှောက်ထားလာပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ခွင့်ပြုသင့်သည် ကိုခွင့်ပြုရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစီအစဉ်ရှိပါကြောင်းနှင့် ကျွန်းပင်ကုန်း ဘုန်းကြီးကျောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်၊ မြို့နယ်၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန စာသင်ကျောင်းတို့ပါဝင်သော (၁၂.၇၅၆)ဧကရှိသည့် မြေနေရာကိုလည်း မြေနေရာရရှိရေး လျှောက်ထားလာပါက သက်ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရထံမှ သိရှိရ သည်ကို ဥက္ကဋ္ဌကြီးမှတဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။**　　။ အိမ်ခြံဝင်း (၅၃)ခုရှိတယ်လို့ ပြောပါတယ်။ အဲ့ဒီမှာ ခွင့်ပြုသင့်တာကို ခွင့်ပြုမယ်။ ခွင့်မပြုသင့်တဲ့ ဟာမျိုး ဆိုရင်ကော မြေယာလျော်ကြေးပေးဖို့ အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)။**　　။ ဒီဟာနဲ့ ပတ်သက်လို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အဆုံးအဖြတ်သာလျှင်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့်ကိစ္စကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျွန်တော့်အနေနဲ့ ဆက်လက်ပေးပို့သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၀။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်း များဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ဖန်တီးမှု (Project) စွမ်းရည်ပြိုင်ပွဲများအား အစိုးရ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာ သော ဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မက ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယခုဆိုလျှင် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တွေမှာ ကျောင်းသားလူငယ်အသီးသီး ၎င်းတို့၏ မေဂျာအလိုက် Project များကို ပြုလုပ်ပြီး စာမေးပွဲအောင်စာရင်းတွေကို ထုတ်ပေးကြရတာဖြစ် ပါတယ်ရှင်။ ဒီလိုသက်ဆိုင်ရာမေဂျာအသီးသီး၏ Project တစ်ခုအောင်မြင်ရန်အတွက်လည်း သက်ဆိုင်ရာဘာသာရပ်များအပြင် ပြင်ပဗဟုသုတများနှင့် ပေါင်းစပ်ဖန်တီး ပြုလုပ်ကြရပါတယ်ရှင်။

ဒီလို Project များ ပြုလုပ်ရခြင်းဖြင့် ကျောင်းသားလူငယ်များ၏ လူမှုပတ်ဝန်းကျင်ကို မိမိတို့ လေ့လာထားသောပညာရပ်ဖြင့် အကျိုးပြုမည်ဆိုသော စိတ်စေတနာများကိုလည်း တွေ့မြင်ရပါတယ်။

ဆက်လက်ပြီး Project တစ်ခုအောင်မြင်ရန် ကျောင်းသားလူငယ်များ စုပေါင်းကြိုးစား ဆောင်ရွက်ခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ ခေါင်းဆောင်မှုစသော အကျိုးတရားများ ရရှိခံစားပြီး လုပ်ငန်းခွင်မှာ Training မလိုလောက်မှုကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်ပါတယ်ရှင်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒါ ကျွန်မ၏ မဲဆန္ဒနယ်ဖြစ်သည့် မအူပင်နည်းပညာ တက္ကသိုလ်ရဲ့ မေဂျာအသီးသီးမှာရှိသည့် ကျောင်းသားလူငယ်တွေရဲ့ Project ပြပွဲ ဖြစ်ပါတယ်ရှင်။ ဆက်တိုက်လေးပြပေးပါ။ ဒီလို Project တစ်ခုဖြစ်မြောက်ဖို့ ကျောင်းသားလူငယ်တွေဟာ ငွေကြေး ကုန်ကျစရိတ်များစွာ အိတ်စိုက်လုပ်ဆောင်ကြရပါတယ်။ တီထွင်ဖန်တီးမှုများဖြစ်သည့်အတွက်ကြောင့် ခန့်မှန်းထားသော ကုန်ကျစရိတ်တွေထက် ပိုမိုကုန်ကျမှုများရှိပေမယ့်လည်း လူငယ်တွေဟာ စိတ်အားတက်ကြွကြပါတယ်။ ဒီလိုနေရာမှာ မိမိတို့ရဲ့မေဂျာအသီးသီးမှာ ပြိုင်ပွဲမဟုတ်တဲ့အတွက် Project တစ်ခုပြီးမြောက်စေဖို့ အချိန်ကုန် ငွေကုန်သက်သာရန် အောင်မြင်ပြီးသားတွေကို လုပ်ဆောင် တာလည်း ပါကောင်းပါနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်ရှိမှာ Project ပြိုင်ပွဲများကို အချို့သော ပြင်ပအဖွဲ့အစည်းတွေက လုပ်ဆောင်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် တက္ကသိုလ် အသီးသီးမှာ ကျောင်းသားလူငယ်များရဲ့ တီထွင်ဖန်တီးမှုများကိုရရှိနိုင်ပြီး ထိုတီထွင်ဖန်တီးမှုကောင်း များထဲမှ သင့်လျော်သော Project များအား အစိုးရ၏ အချို့စီမံကိန်းတွေမှာ အသုံးပြုခြင်းအားဖြင့် ကျောင်းသားလူငယ်များ၏ ကြိုးစားမှုကို ဂုဏ်ပြုချီးမြှင့်ဖို့ကိုလည်း အကြံပြုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ တက္ကသိုလ်အသီးသီးမှာ တိုင်းပြည်၏ လိုအပ်ချက်အရ ဒီလိုကျောင်းသားလူငယ်တွေရဲ့ တီထွင် ဖန်တီးမှုတွေကို ပြိုင်ပွဲပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ တက္ကသိုလ်အသီးသီးလည်း ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်ရှင်။ ဒါ့အတွက်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှာ ကျောင်းသားလူငယ်များ၏ တီထွင်ဖန်တီးမှု Project စွမ်းရည်ပြိုင်ပွဲများအား အစိုးရအစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မအူပင်နည်းပညာတက္ကသိုလ်မှ Project Show ၏ မှတ်တမ်း ဓာတ်ပုံများ ပြပုံ(ဏ)



မအူပင်နည်းပညာတက္ကသိုလ်မှ Project Show ၏ မှတ်တမ်း ဓာတ်ပုံများ ပြပုံ(ဏ-၁)



မအူပင်နည်းပညာတက္ကသိုလ်မှ Project Show ၏ မှတ်တမ်း ဓာတ်ပုံများ ပြပုံ(ဏ-၂)



**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၂၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေ လျာထားသတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ အဆင့်တိုးမြှင့်ခဲ့ပါတယ်။ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်စာရင်းအရ မူလတန်းကျောင်းသား၊ ကျောင်းသူ(၂၆၃)ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ(၂၁၂)ဦးနဲ့ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၄၇၅)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဒ့ါအပြင် မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနီးဝန်းကျင်တွင် ပဝတ်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဟာ အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေးအတွက် မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ဆက်လက်ပညာသင်ကြားကြရပါတယ်။ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ လက်ရှိစာသင်ဆောင်အနေနှင့် သဇင်ဆောင်(၉၀x၃၀)ပေ၊ နှင်းဆီဆောင် (၁၂၀x၃၀)ပေ၊ ခရေဆောင် (၆၀x၃၀)ပေ တို့ရှိပြီး ကျောင်းသား၊ ကျောင်းသူတွေဟာ စာသင်ရန် လုံလောက်တဲ့ ကျောင်းဆောင်မရှိသည့်အတွက်ကြောင့် ကျေးရွာများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် ယာယီအဆောင်တစ်ဆောင် ပြုလုပ်ထားရပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

ဒါက ကျွန်တော်တို့ ကျေးရွာကနေပြီး ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် ယာယီအဆောင်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းခေါင်းဆေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် လက်ရှိစာသင်ဆောင်များနှင့် ကျောင်းသားဦးရေအချိုးအစားမှာ

လုံလောက်မှုမရှိသေးကြောင်းနှင့် (၁၂၀x၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို လိုအပ်လျက်ရှိသေးကြောင်း ကျေးရွာလူထုက တွေ့ဆုံပွဲတွင်တင်ပြခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ (၁၂၀x၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ဘဏ္ဍာငွေလျာထားသတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ မြင်ကွင်းပုံ(တ)




ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသည့် ယာယီကျောင်းဆောင်၏ မြင်ကွင်းပုံ(တ-၁)



**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၆။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ၏ မေးခွန်းဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် များတွင် ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ဖန်တီးမှု Project စွမ်းရည်ပြိုင်ပွဲများအား အစိုးရ၏ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိဆိုသည့် မေးခွန်းအပေါ် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှာရှိသည့် နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှာ သင်ရိုးညွှန်းတမ်းတစ်ခုအနေနဲ့ သင်ကြားထားတဲ့ သီအိုရီဘာသာရပ်များကို လက်တွေ့အသုံးချသည့် Project များ ဆောင်ရွက်မှုကို နှစ်စဉ်ဆောင်ရွက် ရပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဆောင်ရွက်မှုများကိုလည်း အခါအားလျော်စွာ ကျွန်တော်တို့ ပြိုင်ပွဲတွေ ပြုလုပ်ပေးလေ့ရှိပါတယ်။ ဒ့ါအပြင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် Project လုပ်နိုင်သူ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံရပ်ခြားထိ ပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်စေပါကြောင်း တင်ပြ အပ်ပါတယ်။ ပြီးခဲ့တဲ့ ပညာသင်နှစ်အတွင်းမှာ ကွန်ပျူတာတက္ကသိုလ် (ထားဝယ်)၊ ကွန်ပျူတာ တက္ကသိုလ်(မိတ္ထီလာ)၊ ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ သတင်း အချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ပြင်ဦးလွင်)၊ ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်) စသည် တို့မှာ ကျောင်းသား၊ ကျောင်းသူများ တီထွင်ပြုလုပ်ထားသော နည်းပညာဆိုင်ရာ Project ပြပွဲများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီ Project စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်တွေက ကျောင်းသား၊ ကျောင်းသူများ တီထွင်ဖန်တီးနိုင်မှုစွမ်းရည် ပြသခွင့်ရတဲ့အတွက် အနာဂတ်မှာ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်များပြားလာဖွယ်ရာရှိပါတယ်။ နောက်တခါ ဒီ ဒေသတွင်း ပြည်သူများ၏ လိုအပ်ချက်အရ Software များ၊ Hardware application များ ဖန်တီးပေးခြင်းအားဖြင့်လည်း ဒေသအတွင်း အကျိုးပြုနိုင်ရုံသာမက ကျောင်းသား၊ ကျောင်းသူများ မိမိကိုယ်မိမိ ယုံကြည်မှုတိုးပွား နိုင်စေခြင်းများ ရရှိပါတယ်။ အသစ်ဝင်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူအသစ်များအနေနဲ့ သူ့အထက်က စီနီယာကျောင်းသား၊ ကျောင်းသူများရဲ့ Project များကို လေ့လာခွင့်ရရှိခြင်းအားဖြင့်

မိမိတို့၏ သင်ကြားမှု၊ သင်ယူမှုမှာ ပိုမိုစိတ်အား ထက်သန်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ Project Show တွေ ကျင်းပရာမှာ ပြင်ပရှိ နည်းပညာကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ပြသခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရွေးချယ်မှုကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်တာရှိပါတယ်။

နောက် လက်တွေ့နယ်ပယ်မှာ အသုံးဝင်သောခေတ်နှင့်အညီ ပြောင်းလဲနေသည့် သတင်းအချက်အလက်နှင့် နည်းပညာဗဟုသုတများနှင့် အသုံးချမှုနယ်ပယ်များကို ပိုမိုကျွမ်းကျင်စွာ သိမြင်လာနိုင်တဲ့ အခွင့်အရေးများလည်းရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလို အဆင့်မြင့်ပညာဦးစီးဌာနမှာရှိသည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တီထွင်မှု Project ယှဉ်ပြိုင်ပွဲများ ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ရိုသေစွာဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇော်ဟိန်း ၏ မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၂၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားသတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုဘဏ္ဍာရေးနှစ်တွင် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်မှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန်(၁)ကျောင်း၊ တိုးချဲ့ဆောက်လုပ်မည့် ကျောင်းဆောင်သစ်(၁၀)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်(၁)ကျောင်း၊ စုစုပေါင်းကျောင်း(၁၂)ကျောင်းအတွက် ဘဏ္ဍာငွေကျပ်(၁၁၀၁၄)သန်းအား ခွဲဝေလျာထားပြီးဖြစ်ကြောင်း တင်ပြပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာ (၆၀x၃၀)ပေ Steel structure တစ်ထပ်ဆောင်ကို ယခုလာမယ့်ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။

ဒီအတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ (၁၂၀x၃၀)ပေ RCC (၁)ထပ်ကျောင်းဆောင်သစ်(၁)ဆောင်ကို လာမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေတွင် တစ်ဆက်တစ်စပ်တည်း လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်ရှိ လက်ရှိမြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိသော ဟားခါးမြို့၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့များတွင် ခရိုင်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၊ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)တိုင်းဒေသကြီး မင်းတပ်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည် တစ်ပြည်လုံး ချင်းပြည်နယ်မှအပ တိုင်းနှင့် ပြည်နယ်များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့နယ်တိုင်းတွင် မြို့နယ်အဆင့်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိပြီး ခရိုင်တိုင်းတွင် ခရိုင်အဆင့် မြို့နယ်နှင့် ခရိုင်အဆင့်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုးချဲ့ဖွင့်လှစ်လျက် ရှိကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုလို့ရှိရင် ဟားခါးမြို့၊ မင်းတပ်မြို့၊ ဖလမ်းမြို့ မြို့(၃)မြို့သာ မြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနရှိပြီး ကျန်သည့်မြို့နယ်များတွင် တိုးချဲ့ဖွင့်လှစ်ခြင်းမရှိပါ။ ချင်းပြည်နယ်တွင် ဝန်ထမ်းအိမ်ရာများမှာ အောက်ပါအတိုင်း ရှိပါတယ်။

အမှတ်(၁)ဟားခါးမှာ ဆိုလို့ရှိရင် တိုက်(၅၉)လုံး အိမ်ခန်း(၂၂၃)ခန်း၊ ဖလမ်းမြို့မှာ တိုက်(၄၆)လုံး အိမ်ခန်း(၇၂)ခန်း၊ မင်းတပ်မြို့မှာ တိုက်(၁၇)လုံး အိမ်ခန်း (၈၃)ခန်း၊ ကန်ပက်လက်မှာ တိုက်(၂)လုံး အိမ်ခန်း(၁၆)ခန်း၊ မတူပီမြို့တွင် တိုက်(၂)လုံး အိမ်ခန်း(၁၆)ခန်း၊ ထန်တလန်မြို့တွင် တိုက်(၂)လုံး အိမ်ခန်း(၁၆)ခန်း၊ ပလက်ဝမြို့မှာ တိုက် (၂)လုံး အိမ်ခန်း (၁၆)ခန်း၊ ကျီခါးမြို့တွင် တိုက်(၁)လုံး အိမ်ခန်း(၈)ခန်း၊ ရိခေါဒရ်မြို့တွင် တိုက်(၁)လုံး အိမ်ခန်း(၈)ခန်း၊ ရေဇွာမြို့မှာ

တိုက်(၁)လုံး အိမ်ခန်း(၈)ခန်း၊ ဆမီးမြို့မှာ တိုက်(၁)လုံး အိမ်ခန်း(၈)ခန်း ရှိပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်ရှိ မြို့နယ်များတွင် ဝန်ထမ်းအိမ်ရာများ ထပ်မံတိုးချဲ့ပြီး မြို့နယ်အဆင့်မြို့ပြနှင့် အိမ်ရာဦးစီးဌာနဖြစ်သည့် ဟားခါးမြို့၊ ဖလမ်းမြို့၊ မင်းတပ်မြို့များကို ခရိုင်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် တိုးချဲ့ရန်နှင့် ကျန်သည့်ချင်းပြည်နယ်မှ (၉)မြို့နယ်ကို မြို့နယ်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မုံရွာ – အရာတော် – ရွှေဘိုလမ်း မိုင်တိုင် (၃) မိုင် (၇)ဖာလုံနှင့် (၄) မိုင် (၂)ဖာလုံအတွင်း အဝိုင်းပတ်အပါအဝင် (၃)မိုင် အရှည်အား (၃၆)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ခင်းရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ် (၄)မြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာ–အရာတော်–ရွှေဘိုလမ်းတွင် မိုင်တိုင်(၃) မိုင် (၇)ဖာလုံနှင့် (၄) မိုင် (၂)ဖာလုံအတွင်း အဝိုင်းပတ်အပါအဝင် (၃)မိုင် အရှည်အား (၃၆)ပေအကျယ် ကတ္တရာ–ကွန်ကရစ် လမ်းခင်းရန် ၂၀၂၀–၂၀၂၁ ခုနှစ် ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတောင်းခံသောလမ်းဟာ မုံရွာခရိုင်နှင့် ရွှေဘိုမြို့ကို ဆက်သွယ်ထားသည့် လမ်းဖြစ်ပါတယ်။ မုံရွာခရိုင်မှာပါဝင်သည့် မုံရွာ–အရာတော် မြို့နယ် ရွှေဘိုသွားရာ လမ်းဘေးတို့မှာ ကျေးရွာအသီးသီးရှိကြပါတယ်။ မူးမြစ်နှင့်နီးသည့် နေရာတဝိုက်တို့ဟာ မြေဆီလွှာကောင်းမွန်ခြင်းကြောင့် သစ်ပင်များပေါများပြီး စိမ်းစိုသာယာလျက် ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ–အရာတော်–ရွှေဘိုလမ်းဟာ မုံရွာခရိုင်အတွင်းမှာ အဆင့်မမီသော လမ်းဖြစ်ပါတယ်။ လမ်းကျဉ်းမြောင်းနေခြင်း၊

ပုံမှန်ကတ္တရာ လမ်းဖြစ်နေခြင်း လမ်းမညီမညာတာတွေ၊ ပေါက်ပြဲနေတာတွေဖြစ်သည့် လမ်းပိုင်းဖြစ်ပါတယ်။ လမ်းကောင်းမွန်ဖို့၊ လမ်းဖွံ့ဖြိုးဖို့၊ လမ်းအဆင့်မြှင့်တင်ဖို့ အထူးလိုအပ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလမ်းအဆင့်မြှင့်ဖို့လိုအပ်သော ဘတ်ဂျက်ပမာဏမှာ ငွေကျပ်(၂၉၇.၂)သန်း ဖြစ်ပါတယ်။ အဲဒီလမ်းအဆင့်မြှင့်တင်ပြီးရင် ကျန်လမ်းပိုင်းများနှင့် တစ်ဆက်တစ်စပ်တည်း လမ်းကောင်းမွန်မှာဖြစ်ပါတယ်။ အနီးအနားမှာရှိကြသော ကျေးရွာအသီးသီး အပါအဝင် မုံရွာမှ အရာတော်-ရွှေဘိုသွားကြသူများအတွက် အထူးလိုအပ်နေပါတယ်။ ဖွံ့ဖြိုးတယ်ဆိုတာ ခရီးသွားလာဖို့ လွယ်ကူချောမောပြီး ပြည်သူများ အဆင်ပြေမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတောင်းခံသည့် လမ်းပိုင်း(၃)မိုင်အရှည်၊ (၃၆)ပေအကျယ်၊ ကတ္တရာ-ကွန်ကရစ် လမ်းခင်းရန်အတွက် အမှန်တကယ်လိုအပ်နေသော လမ်းပိုင်းဖြစ်သည့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းဖြစ်ပါတယ်။ ဒီကနေ့ မေးမြန်းလိုသည့်မေးခွန်းက ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့မှာ မြို့ရှောင်လမ်းဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းက ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ဟာ လူဦးရေ(၂၅၀၀၀၀)ကျော်၊ မြို့ပေါ်လူဦးရေ(၄၀၀၀၀)ခန့် နေထိုင်သော မြို့ကြီးတစ်မြို့ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးလမ်းမကြီး၊ လမ်းဟောင်းဟာ ကျွန်တော်တို့ မြို့လယ်ခေါင်ကို ဖြတ်သန်းပြီး ဖောက်လုပ်ထားပါတယ်။


ယခုအခါမှာ လူဦးရေထူထပ်များပြားလာခြင်းနှင့် နေ့စဉ်ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်အစီးရေ (၃၅၀၀)ခန့် ရှိပါတယ်။ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးယာဉ်များ အများအပြား ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ မကြာခဏလည်း Accident တွေဖြစ်လေ့ရှိပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက ကျွန်တော်တို့ ဖြူးမြို့၏ ကောင်းကင်ဓာတ်ပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့လယ်ခေါင်မှာ ရန်ကုန်-မန္တလေးလမ်းမကြီးကို မြင်ရပါမယ်။ ညာဘက် အခြမ်းမှာ ကျွန်တော်တို့ ကျောက်ကြီးမြို့နယ် မုဒ်ဦးကိုဖြတ်ပြီး ဖောက်ထားသည့် အုတ်ဖြတ် လမ်းဖောက်တဲ့ ကျွန်တော်တို့လမ်းမကြီးဖြစ်ပါတယ်။ နောက်ပြီး ကျောက်ကြီးမြို့နယ်မှ ကုန်စည် ကလည်း ဖြူးမြို့ကိုပဲ ဝင်ပါတယ်။

ညာဘက်ကပုံက ကျွန်တော်တို့ ဈေးအနီးတစ်ဝိုက်ကိုပြသထားတာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဖြူးမြို့နယ်ဆေးရုံကနေရရှိတဲ့ မော်တော်ယာဉ်မတော်တဆ ဖြစ်ပွားမှုစာရင်း ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ စုစုပေါင်း(၁၅၃၃)ဦး ဒဏ်ရာရပြီး(၂၉)ယောက် သေဆုံးပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ သေဆုံးသူဦးရေဟာ ပိုပြီးများလာပါတယ်။ (၁၄၀၈)ဦးဖြစ်ပြီး (၄၃)ယောက် သေဆုံးတာကိုတွေ့ရပါတယ်။ ဒါကျွန်တော်တို့ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ဖြူးမြို့တံတားပေါ်မှာ ကျွန်တော်တို့ ကျော်တက်ရင်းနှင့် တွဲကားကြီးနဲ့ တိုက်မိပြီး မော်တော်ယာဉ်ငယ်က အမျိုးသမီး (၁)ယောက် သေဆုံးပါတယ်။ ဒါက သူနဲ့ တိုက်တဲ့ကားဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမြို့လယ်ခေါင်မှာ ဖြတ်သန်းသွားလာသည့် ကားကြီးတွေဟာ မြို့ထဲမှာ အရှိန်မလျှော့ဘဲနဲ့ မောင်းနှင်ကြပါတယ်။ နောက် ကျွန်တော်တို့ ဆိုင်ကယ်တွေ၊ သုံးဘီးယာဉ်တွေကလည်း ယာဉ်စည်းကမ်းကို နားမလည်ဘဲနဲ့ မောင်းနှင်သည့် အခါကြတော့ တိုက်မိတာတွေများပါတယ်။ ကျွန်တော်တို့ ဈေးလမ်းမရဲ့ရှေ့မှာ ဘူတာရုံပဲရှိပါတယ်။

ဒါလူစည်ကားသည့် နေရာဖြစ်သည့်အတွက် ယာဉ်မတော်တဆဖြစ်မှု များပြားပါတယ်။ အဲဒီ ကျွန်တော်တို့ ယခုတင်ပြပါအတိုင်း ဈေးက ကျွန်တော်တို့ လမ်းမကြီးပေါ်မှာရှိသည့်အတွက် ကုန်တင်ကုန်ချပြုလုပ်တဲ့အခါမှာ လမ်းပိတ်ဆို့မှုတွေ၊ ယာဉ်တိုက်မှုတွေဖြစ်ပါတယ်။ နောင်အခါမှာ တိုးပွားလာမယ့် လူဦးရေ၊ မော်တော်ယာဉ် အစီးရေနှင့် စီးပွားရေးလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ မော်တော်ယာဉ်များ မောင်းနှင်ဆောင်ရွက်နိုင်ဖို့ မြို့ရှောင်လမ်းတစ်ခု လိုအပ်နေပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ပဲခူးတိုင်းအရှေ့ဘက်ခြမ်း တောင်ငူမြို့မှာလည်း မြို့ရှောင်လမ်း စီမံကိန်း ဆောင်ရွက်နေပါတယ်။ ပြွန်တန်ဆာ-ညောင်လေးပင်မှာလည်း မြို့ရှောင်လမ်းစီမံကိန်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖြူးမြို့သူမြို့သားများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် မြို့ရှောင်လမ်းတစ်ခုဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဖြူးမြို့၏ ကောင်းကင်ဓာတ်ပုံ၊ ဈေးကြီးနှင့် အနီးတစ်ဝိုက် မြင်ကွင်းပုံ(ထ)




၂၀၁၉ ခုနှစ်၊ မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှု ပြဇယားပုံ(ထ-၁)

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း (၂၀၁၉)ခု

| လအမည် | ဖြစ် | သေ |
|---|---|---|
| ဇန်နဝါရီ ၂၀၁၉ | 132 | 7 |
| ဖေဖော်ဝါရီ ၂၀၁၉ | 105 | 4 |
| မတ် ၂၀၁၉ | 118 | 5 |
| ဧပြီ ၂၀၁၉ | 195 | 1 |
| မေ ၂၀၁၉ | 140 | 3 |
| ဇွန် ၂၀၁၉ | 136 | 1 |
| ဇူလိုင် ၂၀၁၉ | 56 | 1 |
| ဩဂုတ် ၂၀၁၉ | 89 | 5 |
| စက်တင်ဘာ ၂၀၁၉ | 101 | 3 |
| အောက်တိုဘာ ၂၀၁၉ | 144 | 3 |
| နိုဝင်ဘာ ၂၀၁၉ | 100 | 7 |
| ဒီဇင်ဘာ ၂၀၁၉ | 92 | 3 |
| Total | 1408 | 43 |

ရန်ကုန် – မန္တလေး လမ်းဟောင်း ဖြူးမြို့ မြင်ကွင်းပုံ (ထ-၂)



**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ် – ကတောင်စိန် တောင်ဖြတ်လမ်းနှင့် တကူပတီ – ကုလားဘီလမ်း စသည့်လမ်းပိုင်းများအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ် – ကတောင်စိန် တောင်ဖြတ်လမ်းနှင့် တကူပတီ – ကုလားဘီလမ်း စသည့်လမ်းပိုင်းများအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိ၏ မဲဆန္ဒနယ်ဖြစ်သည့် ချောင်းဆုံမြို့နယ်ကို ကျေးရွာအုပ်စု(၄၃)အုပ်စု၊ ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အရှေ့နှင့်အနောက် (၁၀)မိုင် (၂)ဖာလုံ၊ တောင်နှင့်မြောက်(၁၉)မိုင် (၄)ဖာလုံရှည်လျားကာ စတုရန်းမိုင်အားဖြင့် (၂၅၄) စတုရန်းမိုင် ကျယ်ဝန်းလျက်ရှိပါတယ်။ ချောင်းဆုံမြို့နယ်၏ အရှေ့ဘက်ခြမ်းတွင် သံလွင်မြစ်နှင့် မော်လမြိုင်မြို့နယ် အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်အရပ်တွင် သံလွင်မြစ်နှင့် ပေါင်မြို့တို့ ဝန်းရံထားပြီး ရေပတ်လည် ဝန်းရံထားသည့် ဘီးလူးကျွန်းဆိုတဲ့ ကျွန်းလေးပေါ်မှာ တည်ရှိသည့် မြို့နယ်တစ်မြို့နယ်ပဲဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ဟာ ရေပတ်လည်ဝန်းရံထားသည့် ဘီးလူးကျွန်းဆိုသည့် ကျွန်းလေးပေါ်မှာရှိနေသည့် အတွက်ကြောင့်မို့လို့ ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါတယ်။

ယခုအချိန်အခါတွင် မော်လမြိုင်မြို့နယ်နှင့် ဆက်သွယ်ထားသည့် ဗိုလ်ချုပ်အောင်ဆန်း ဘီးလူးကျွန်းတံတား ဆက်သွယ်ပြီးသည့်အချိန်အခါတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လျှပ်စစ်နှင့်အခြားကဏ္ဍအသီးသီးတို့တွင် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နိုင်ငံတော်အစိုးရအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတွင် ချောင်း၊ မြောင်း၊ တာတမံများစွာကို တူးဖော်ပေးနိုင်ခဲ့ပြီး ကျန်းမာရေးကဏ္ဍ

တွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများကို ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (ခွဲ)များအား အဆင့်မြှင့်တင်ပေးပြီး ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍတွင်လည်း ကျောင်းများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး အဆောက်အအုံများစွာကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနည်းအတူ ပစ်ပယ်ခံခဲ့ရသည့် မိမိ၏ ချောင်းဆုံမြို့နယ်ဟာ လျှပ်စစ်ကဏ္ဍတွင်လည်း (၉၅)ရာခိုင်နှုန်းကျော် မီးလင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခုအချိန်အခါတွင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထူးပင်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ရွာလွတ်-ကတောင်စိန်တောင်ဖြတ်လမ်းအား တကူပတီ - ကုလားဘီလမ်း စသည့်လမ်းပိုင်းများအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာ လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၃။**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန )။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း မေးမြန်းထားသည့် ချင်းပြည်နယ်ရှိ လက်ရှိမြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိသော ဟားခါးမြို့၊ မင်းတပ်မြို့၊ ဖလမ်းမြို့များတွင် ခရိုင်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း၌ ယခင်က ချင်းပြည်နယ်ဦးစီးမှူးရုံး၊

ဟားခါးမြို့နယ် ဦးစီးမှူးရုံး၊ ဖလမ်းမြို့နယ် ဦးစီးမှူးရုံးနှင့် မင်းတပ်မြို့နယ် ဦးစီးမှူးရုံးတို့ဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြည်နယ်ဦးစီးမှူးရုံးကို ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံ တစ်ဝှမ်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများ ဖြည့်ဆည်းပေးနိုင်စေရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်ရှိ ဦးစီးရုံးများကို ညွှန်ကြားရေးမှူးရုံးများအဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ပြီး လူဦးရေသိပ်သည်းမှုနှင့် မြို့ပြ ဖွံ့ဖြိုးမှု အချက်အချာကျသော ခရိုင်(၁၉)ခုကိုလည်း ၂၀၁၆ ခုနှစ်တွင် ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ညွှန်ကြားချက်နှင့်အညီ မြို့ပြဒေသဖွံ့ဖြိုးရေး အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းနှင့် အိမ်ရာစီမံခန့်ခွဲမှုဆိုင်ရာများ၊ ဝန်ထမ်းအိမ်ရာနှင့် အငှား အိမ်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ MSDP (Myanmar Sustainable Development Plan)ကို အထောက်အကူဖြစ်စေမည့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ပေါင်းစပ် ရေးဆွဲနိုင်ရန်အတွက် ခရိုင်အခြေပြု ဒေသဖွံ့ဖြိုးရေးအား ပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင် အဆင့်ရုံးများကို သင့်လျော်သည့်အချိန်တွင် တိုးချဲ့ဖွင့်လှစ်ပေးရန်လည်း ရည်ရွယ်ထားပြီး ဖြစ်ပါတယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်ရုံးများကို ဖွဲ့စည်းရာ၌ အိမ်ခန်းအရေအတွက်ပေါ်မူတည်ပြီး အိမ်ခန်း(၃၅၀၀)နှင့် အထက်ကို (က)အဆင့်၊ အခန်း (၄၅၀)နဲ့ အထက်ကို(ခ)အဆင့်၊ အိမ်ခန်း(၉၀)နှင့်အထက်ကို (ဂ)အဆင့်၊ အိမ်ခန်း(၆၀)နှင့် အထက်ကို (ဃ) အဆင့်စသဖြင့် သတ်မှတ်ပြီး တစ်နိုင်လုံးမှာ မြို့နယ်ရုံး(၂၇)ရုံး ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ချင်းပြည်နယ် အနေဖြင့် လက်ရှိဖွဲ့စည်းပုံတွင်ရှိသော မြို့နယ်ရုံး(၃)ရုံးဖြစ်သည့် ဟားခါးမြို့၊ ဖလမ်းမြို့နှင့် မင်းတပ် မြို့နယ်အပါအဝင် အခြား(၁၁)မြို့နယ်ရှိ အိမ်ခန်းစုစုပေါင်းမှာ ပြည်သူ့ပိုင် အဆောက်အအုံ(၁၀)ခန်း၊ မြို့ပြ (လခရ)(၆၆)ခန်း၊ ဝန်ထမ်းအိမ်ရာ (၄၄၄)ခန်း၊ အငှားအိမ်ရာ (၂၄)ခန်း၊ အိမ်ခန်းစုစုပေါင်း (၅၃၄)ခန်းရှိပြီး အိမ်ခန်းအရေအတွက်မှာ နည်းပါးနေသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်း ထားသည့် ဟားခါးမြို့၊ ဖလမ်းမြို့နှင့် မင်းတပ်မြို့နယ်ရုံးများကို ခရိုင်အဆင့်ရုံးများအဖြစ် တိုးချဲ့ ဖွင့်လှစ်ရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့်ရုံးများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်မှာ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် လူဦးရေသိပ်သည်းမှု မြို့ပြဒေသ ဖွံ့ဖြိုးမှု အပေါ်မူတည်၍ ခရိုင်အဆင့်ရုံးများ အဖြစ်လည်းကောင်း၊ အိမ်ခန်းအရေအတွက် တိုးတက်

လာပါက မြို့နယ်ဦးစီးမှူးရုံးများအဖြစ်လည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး မေးမြန်းထားသည့် မုံရွာ - အရာတော် - ရွှေဘိုလမ်း မိုင်တိုင် (၃)မိုင် (၇)ဖာလုံနှင့် (၄)မိုင် (၂)ဖာလုံအတွင်း အဝိုင်းပတ် အပါအဝင် (၃)မိုင် အရှည်အား (၃၆)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ခင်းရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာ - အရာတော် - ရွှေဘိုလမ်းသည် အရှည် (၄၄)မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်း၏ လက်ရှိလမ်းအခြေအနေမှာ (၃၆)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအရှည် (၃)မိုင် (၄.၆)ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း (၂.၄) ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာလမ်း(၁)မိုင် (၂)ဖာလုံနဲ့ (၁၈)ပေအကျယ် လမ်းအရှည် (၃၈)မိုင် (၇)ဖာလုံတို့ဖြစ်ပါတယ်။ မုံရွာ - အရာတော် - ရွှေဘိုလမ်း၏ မိုင်တိုင် (၃/၇)မှ (၄/၂)အထိ (၃)ဖာလုံ အား (၃၆)ပေအကျယ်နှင့် မိုင်တိုင် (၄/၂)မှ (၄/၇)အထိ (၅)ဖာလုံအား (၃၀)ပေအကျယ် ကတ္တရာ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံး ငွေရင်း ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ပါဝင်ခဲ့ခြင်းမရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ဘဏ္ဍာငွေဆက်လက်တင်ပြရန် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း မေးမြန်းထားသည့် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်သည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်အမှတ်(၁၁၃/၇)မှ (၁၃၃/၅)အထိ (၁၉)မိုင် (၆)ဖာလုံအတွင်း တည်ရှိပြီး ဖြူးမြို့တွင်းပိုင်း လမ်းအရှည်ဟာ မိုင်တိုင်အမှတ်(၁၂၅/၁) မှ (၁၂၈/၀)အထိ (၂)မိုင် (၇)

ဖာလုံ ရှိပါတယ်။ ဖြူးမြို့နယ် ရန်ကုန်–တောင်ငူ–မန္တလေးလမ်းပိုင်းကို ဟိုက်စ်စတားကုမ္ပဏီမှ B.O.T စနစ်ဖြင့် လမ်းတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဖြူးမြို့ မြို့တွင်းလမ်းပိုင်းကို (၄၈)ပေအကျယ်(၄)လမ်းသွား AC လမ်းအဖြစ် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဖြူးမြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးရွာအုပ်စု (၅၈) လူဦးရေပေါင်း(၂၆၀၀၀၀)ကျော် နေထိုင်လျက်ရှိပြီး ဖြူးမြို့နယ် ရန်ကုန်–တောင်ငူ–မန္တလေးလမ်း၌ နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်စီးရေ မှတ်တမ်းအရ ပျမ်းမျှ (၃၈၀၀)စီးမှ (၄၉၀၀)အတွင်းမှာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူးမြို့ မြို့ရှောင်လမ်းကို ဖောက်လုပ်မည်ဆိုပါက ပေ(၁၈၀)အထက် ဖြူးချောင်းတံတားတစ်စင်း ထပ်မံတည်ဆောက်ရန် လိုအပ်မှာဖြစ်သည့်အပြင် ဖြူးမြို့တွင်းလမ်းပိုင်းသည် ညောင်လေးပင်–ပြွန်တန်ဆာနှင့် ပဲနွယ်ကုန်းမြို့တွင်းပိုင်းကဲ့သို့ မီးရထားလမ်းနှင့် ကားလမ်းဖြတ်သည့် Level Crossing ဖြတ်သန်းမှုမရှိခြင်းတို့ကြောင့် လတ်တလော ယာဉ်ကြောပိတ်ဆို့မှုမရှိသေးသည့်အတွက် မြို့ရှောင်လမ်းဖောက်လုပ်ရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသောအချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး မေးမြန်းထားသည့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်–ကတောင်စိန် တောင်ဖြတ်လမ်းနှင့် တကူပတီ–ကုလားဘီလမ်း စသည့်လမ်းပိုင်းများအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်–ကတောင်စိန်တောင်ဖြတ်လမ်းနှင့် တကူပတီ–ကုလားဘီလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းများဖြစ်ပါတယ်။ ရွာလွတ် – ကတောင်စိန်တောင်ဖြတ်လမ်းအရှည် (၂)မိုင်သည် မြေသားလမ်းဖြစ်ပြီး ချောင်းဆုံကျွန်းပတ်လမ်း(ကတ္တရာလမ်း)နှင့် ဆက်သွယ်ထားသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(A) ဦးစားပေးအဆင့်(၃)လမ်းဖြစ်ပြီး လူဦးရေပေါင်း (၈၀၀၀)ကျော်ကို အကျိုးပြုသောလမ်းဖြစ်ပါတယ်။ တကူပတီ–ကုလားဘီလမ်းရဲ့ အခြေအနေက မြေသားလမ်း ဂဝံမြေသားလမ်း အရှည်(၁)မိုင် (၃)ဖာလုံ လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်အတွင်းမှာရှိသည့် တကူပတီ–ကုလားဘီလမ်း အရှည်(၁)မိုင် (၃)ဖာလုံ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိလာပါက

ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း အဆင့်မြှင့်တင်ခြင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၉၂

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ၂၈-၅-၂၀၂၀ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ၂၁-၇-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေး

ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၃-၇-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းကို ညှိနှိုင်းဆွေးနွေးခဲ့ရာ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ ဆွေးနွေးချက်များသည် ဤဥပဒေအရ ထုတ်ပြန်နိုင်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် လိုအပ်ချက်နှင့်အညီ ထည့်သွင်းနိုင်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ၁၁:၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]